# မိဘကျေးဇူး



Generated by CamScanner from intsig.com





ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး စိုးစံလျက်နေ၍ ထိုမင်း၏ မိဖုရားသည် ကျူးလွန်သောအမှုကို ပြုလျက်ရှိ၏။ မိဖုရား၏ မကောင်းသော သတင်းဆိုးသည် နန်းတော်မှတစ်ဆင့် ဗာရာဏသီတစ်ပြည်လုံးသို့ ပျံ့နှံ့သွားလေ၏။ ထို့နောက် အမတ်ကြီးများ ကြားသိလေ၏။ တစ်နေ့သောအခါ...

အရှင်မင်းကြီး၏မိဖုရားသည် အရှင်မင်းကြီး၏ ဂုဏ်သိက္ခာနှင့် ကျေးဇူးတရားများကို မထောက်ထားဘဲ မိဖုရားဖြစ်လျက် တစ်ပါးသော ယောကျ်ားနှင့် ကျူးလွန်သောအမှုကို ပြုလျက် ရှိသည်မှာ မသင့်လျော်ပါဘုရား ဟု မှူးမတ်များသည် ဗာရာဏသီပြည့်ရှင်မင်းကြီးအား လျှောက်ထားကြလေသည်။

မင်းကြီးသည် စိတ်မချမ်းမသာဖြစ်၏။ ရှက်လည်း အလွန်ရှက်၏။ တစ်ချိန်တွင် မိဖုရားကြီးအား အနီးသို့ခေါ်၍ မေးမြန်းလတ်သော် မိဖုရားကြီးက...

မြတ်သောမင်းကြီး၊ အကျွန်ုပ်သည် အရှင်မင်းကြီးမှ တစ်ပါးအခြားယောကျ်ားနှင့် ကျူးလွန်ခြင်းမရှိပါ။ အကယ်ကျူးလွန်မိက လူသားစားသော အဿမုခီဘီလူးမကြီး ဖြစ်ရပါလို၏ ဟု ကျိန်ဆိုလေ၏။

* * *

ထိုမိဖုရား သေလွန်သော် ကျိန်ဆိုမိသည့်အတိုင်း တောအုပ်ဘစ်ခု၏အနီးရှိတောင်ခြေတွင်လူသားစားသောအဿမုခီမည်သောဘီလူးမကြီး ဖြစ်ပြီးလျှင် လိုဏ်ဂူတွင် နေ၏။ သုံးနှစ် ပတ်ရှိး ခဝသဝဏ်နတ်မင်းကြီးထံတွင် ခစားသဖြင့် အလျား ၃၀ ယူဇနာ၊





အနံ ၄ ယူဇနာရှိသော အရပ်သို့ ရောက်လာသူများအား ဖမ်းယူစားသောက်နိုင်သော အခွင့်အမိန့်ကို ရရှိထားလေ၏။

တစ်နေ့သောအခါ ရုပ်ဆင်းအင်္ဂါ ချောမောလှပ၍ ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာသော လုလင်တစ်ဦးသည် အခြွေအရံများစွာနှင့် ထိုတောအုပ်သို့ ဖြတ်ပြီး ခရီးသွားရာ ဘီလူးမခြင်လျှင် လေကဲ့သို့ လျှင်မြန်စွာ လိုက်လေ၏။ အခြားသူများ လွတ်အောင်ပြေးနိုင်သော်လည်း လုလင်မှာမူ မပြေးနိုင်သဖြင့် ဘီလူးမ ဖမ်းမိလေ၏။

ဘီလူးမသည် လုလင်အားစားမည်ဟူသော အကြံဖြင့် ကျောပိုးသယ်ဆောင်ရာ ယောကျ်ား၏ အတွေ့အထွေ့ကိုရ၍ ကိလေသာ၏ အစွမ်းဖြင့်ချစ်ခင်စိတ်ပေါ်ပေါက်လာကာ သတ်၍မစားရက်တော့ဘဲ လင်ပြုလျက်ထား၏။

ထိုအချိန်မှစ၍ လုလင်နှင့်ဘီလူးမတို့သည် သင့်တင့်ညီညွတ်စွာ လိုဏ်ဂူတွင် ပေါင်းသင်း နေထိုင်ကြလေသည်။

* * *

ဘီလူးမသည် လုလင်အား လိုဏ်ဂူ၌ထား၍ အမျိုးမျိုးသော သံယောဇဉ်တို့ဖြင့် လုပ်ကျွေးလေ၏။ မိမိမှာမူ လူသားကိုသာ စား၏။ အစာရှာသွားသောအခါ လုလင် မပြေးနိုင်ရန် ကြီးစွာသော ကျောက်ဖျာဖြင့် လိုဏ်ဂူကိုပိတ်၍ သွား၏။

ဤသို့ဖြင့် ကာလအတန်ကြာလတ်သော် လုလင်ကိုစွဲ၍ သားတစ်ယောက်ဖွား၏။ ဘီလူးမသည် လင်ကိုလည်းကောင်း၊ သားကိုလည်းကောင်း အလွန်ချစ်၏။ နှစ်ဦးလုံးတို့ပင် အပတ်အထည် အစားအစာမှစ၍ လိုလေသေးမရှိအောင် ရှာဖွေ ကျွေးမွေး၏။

Generated by CamScanner from intsig.com





သွားသောအခါ သားအဖ နှစ်ယောက်လုံးကို မပြေးနိုင်ရန် ကျောက်ဖျာဖြင့် ပိတ်ခဲ့၏။

ဘီလူးမသားသည် အရွယ်ရောက်လတ်သော မိခင်ဘီလူးမ ကဲ့သို့ပင် ခွန်အားအလွန်ကြီး၏။တစ်နေ့သော် ဘီလူးမ ပိတ်ခဲ့သော ကျောက်ဖျာကိုဖွင့်၍ သားအဖနှစ်ယောက် လိုဏ်ဂူပြင်ပသို့ ထွက်နေကြလေ၏။

ဘီလူးမ ပြန်ရောက်လာ၍ မေးရာ မိခင် မှောင်မိုက်လှသဖြင့် အလင်းမှာနေလို၍ ကျွန်ုပ် ဖွင့်သည် ဟု ဆို၏။ ဘီလူးမလည်း သားကို အလွန်ချစ်သဖြင့် နောက်ထပ် တစ်စုံတစ်ရာ မပြောဆို တော့ဘဲ ကျောက်ဖျာကို မဖွင့်ရန် ချော့မော့တားမြစ်လေသည်။

* * *

အခါတစ်ပါး၌မိခင်ဘီလူးမ အစာသွားရှာသော် သားသည်ဖခင် အား ဖခင်... မိခင်နှင့် ဖခင်တို့၏ မျက်နှာသည် ထစ်ဦးကိုတစ်ဦး မတူကြပါ။ မိခင်၏ မျက်နှာသည်တစ်မျိုး၊ ဖခင်၏ မျက်နှာသည် တစ်မျိုး အဘယ့်ကြောင့် ဤသို့ ဖြစ်သနည်းဟု မေးလေ၏။

ချစ်သား... သင့်အမိက လူသားစားသော ဘီလူးမဖြစ်သည်။ ငါဖခင်က လူဖြစ်သည်။ ချစ်သားလည်း ဖခင်ကဲ့သို့ လူသားဖြစ်သည် ဟု ဆို၏။ သားက ဖခင် အဘယ့်ကြောင့် လူဖြစ်လျက် တောတွင် နေသနည်း။ လူတို့နေရာ အရပ်ကို သွားကြကုန်အံ့ ဟု ဆို၏။

ထိုအခါ ဖခင်က ချစ်သား ငါတို့... သားအဖ နှစ်ယောက် ထွက်ပြေးသည်ရှိသော် သင့်မိခင်သည် ငါတို့ကို စားသောအ့ ဟု

Generated by CamScanner from intsig.com





ဆို၏။ သားက ဖခင် မစိုးရိမ်လင့်။ လူတို့ နေရာအရပ်ကို ထွက်ပြေးရန် ကျွန်ုပ် တာဝန်ထားပါ ဟု ဖခင်အား နှစ်သိမ့်စေ၏။

တစ်နေ့သောအခါ ဘီလူးမအစာရှာသွားလတ်သော် သားသည် အဖအား ထမ်းပိုး၍ပြေးလေ၏။ ဘီလူးမ ပြန်လာသောအခါ မမြင်လျှင် လေကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် လိုက်ရာ လမ်းခရီးတစ်နေရာတွင် သားအဖနှစ်ယောက်လုံးကို ဖမ်းမိလေသည်။

ဘီလူးမသည် သားကို အလွန်ချစ်သဖြင့် နောက်ထပ်တစ်ဖန် မပြေးရန် ပြောဆိုပြီးလျှင် သားအဖနှစ်ယောက်လုံးကို ချော့မော့ကာ ပြန်ခေါ်ခဲ့လေ၏။

* * *

နှစ်ကြိမ်မြောက် အဖကို ထမ်း၍ပြေးပြန်သော်လည်း မိခင်ဘီလူးမ မိသွားပြန်၏။ ထိုအခါ သားသည် ဤသို့ ကြံစည်မိ၏။ငါ၏ အမိပိုင်သော နေရာသည် အပိုင်းအခြား ရှိလိမ့်မည်။မိခင်ပိုင်သော အရပ်မှ လွန်အောင်ပြေးနိုင်လျှင် လွတ်မြောက်လိမ့်မည်ဟု အကြံရသည့်အတိုင်း တစ်နေ့သောအခါ သားသည် မိခင်အား ပိုင်ဆိုင်သော နယ်ပိုင်းအခြားကို မေးမြန်းလေ၏။

နယ်အပိုင်းအခြားကို သိလတ်သော် သားသည် အဖကိုယူ၍ ပြေးပြန်၏။ အမိ ဘီလူးမပိုင်သော နယ်အဆုံး မြစ်ကမ်းနားသို့ ရောက်လေ၏။ ဘီလူးမသည် ပြေးသည်ကို သိလေလျှင် အတင်းလိုက်လေ၏။ သားသည် မိခင်ဘီလူးမလိုက်လာသည်ကို မြင်လျှင် အဖအား ထမ်းပိုးလျက် မြစ်လယ်သို့ ကူး၏။

အသသမုခီဘီလူးမသည် မိမိပိုင်သောနယ်အပိုင်းအခြား လွန်နေသည်ကိုသိလျှင် ဆက်လက်မလိုက်တော့ဘဲမြစ်ကမ်းစပ်၌ ရပ်လျက်

Generated by CamScanner from intsig.com





မောင်တို့ သားအဖ ပြန်လာခဲ့ကြပါ။ ကျွန်ုပ်တွင် အဘယ် အပြစ်ရှိသနည်း၊ အကျွန်ုပ် သေရပါတော့မည် ဟု ဆို၏။

ထိုအခါ သားက "မိခင်တွင် အပြစ်မရှိပါ။ မိခင်က ဘီလူးမဖြစ်သည်။ ကျွန်ုပ်တို့က လူဖြစ်သည်။ သို့အတွက် အတူမနေနိုင်ပါ။ မိခင်သာ လိုဏ်ဂူသို့ပြန်ပါ"ဟု ဆို၏။ ဘီလူးမက "မောင်တို့ သားအဖ အကယ်ပင် မပြန်ကြတော့ဘူးလား"ဟု မေးမြန်းသော် မပြန်ကြတော့ပါ ဟု ဆို၏။

ထိုအခါ ဘီလူးမက မောင်တို့သားအဖ အကယ်ပင် မပြန်ကြတော့ပါလျှင် လူတို့မြို့ရွာ၌ အတတ်ပညာမရှိလျှင် အသက်မွေးနေထိုင်ရန် မလွယ်ကူပါ။ ဆင်းရဲခြင်းဘေးနှင့် ကြုံတွေ့လိမ့်မည်။ ငါသည် စိန္တာမဏိ မန္တရားကို တတ်၏။ မန္တရား၏ အစွမ်းကားလွန်ခဲ့သော ဆယ့်နှစ်နှစ်က ခိုးယူထားသော သူခိုးနှင့် နေရာကိုသိမြင်နိုင်၏။ အလွန် အဖိုးထိုက်တန်၏။ ဤမန္တရားကို သင်ယူပါဦး၊ သားမောင် အသက်မွေးဖို့ ဖြစ်လိမ့်မည် ဟု ပြောဆိုလျက်သောကနိုပ်စက် အလွန်စိတ်မချမ်းသာသော အချိန်မှာပင် သားကိုချစ်သဖြင့် စိန္တာမဏိမန္တရားကို သင်ပေးလေ၏။

ဘီလူးမသားလည်း မြစ်လယ်၌ရပ်လျက် မိခင်သင်ပေးသောမန္တရားကို ကျက်မှတ်သင်ယူလေ၏။ မန္တရားကို နှုတ်တက်ရသောအခါ သားက မိခင် လိုဏ်ဂူသို့ ပြန်ပါ ဟု ဆို၏။ အမောင်တို့သားအဖနှင့် ခွဲခွာပြီးမနေနိုင်ပါ။ မောင်တို့သားအဖ ပြန်မလိုက်ကြပါလျှင် အကျွန်ုပ် အသက်ချမ်းသာတော့မည်မဟုတ်"ဟု ပြောဆိုငိုယိုကာ သားနှင့် လင် သောကနှိပ်စက်သဖြင့် မိန်းမောတွေဝေပြီးမတ်တတ်မှ လဲလျက် ရင်ကွဲ၍ ရတ်တရက် သေဆုံးလေ၏။





သားသည် မိခင်သေဆုံးသည်ကိုသိလျှင် မိခင်၏ အလောင်းကို တောပန်းတို့ဖြင့် ပူဇော်သဂြိုဟ်ပြီးသော် ငိုကြွေးလျက် ဖခင်နှင့် အတူဗာရာဏသီပြည်သို့ သွားလေ၏။

လုလင်သည်ဗာရာဏသီပြည်သို့ရောက်လျှင်ပဒုကုသလအမည် ဖြင့် ပြည့်ရှင်မင်းကြီးထံ ဝင်ရောက်၍ လွန်ခဲ့သော ဆယ့်နှစ်နှစ်က ခိုးယူထားသောပစ္စည်းနှင့် ခိုးသူ၏ခြေရာကိုသိနိုင်သော ပညာစွမ်း ရှိသည်ဟု လျှောက်ထားလေသော် မင်းကြီးလည်း သဘောကျ၍ တစ်လတစ်ထောင်ဖြင့် မင်းကြီးထံတွင် ခစားရန် ခွင့်ပြုလေသည်။

တစ်နေ့သောအခါ ပုရောဟိတ်သည် မင်းကြီးအား ခစားလျက် အရှင်မင်းကြီး... လုလင်ငယ်ကို လခ တစ်လ တစ်ထောင်ပေးရ သည်။ သူ၏ပညာစွမ်းကိုလည်း တစ်ကြိမ်တစ်ခါမျှ မမြင်ရသေး။ အကယ်၍ အစွမ်းရှိသည်၊ မရှိသည်ကိုသိအောင်စုံစမ်းရန် သင့်လျော် သည်ဟု လျှောက်ထားလေ၏။

မင်းကြီးလည်း သဘောတူ၍ နှစ်ဦးတိုင်ပင်လျက် ရတနာ တိုက်ခန်းမှ နန်းသုံးဥစ္စာတို့ကို ယူပြီးလျှင် နန်းတော်မှဆင်းသက်ကာ ရေကန်တွင်းရှိ ကျောက်ဖျာအောက်တွင် ထားခဲ့ပြီး နန်းတော်သို့ ပြန်လာခဲ့လေ၏။

မိုးသောက်လတ်သော်နန်းတွင်းရတနာတိုက်ခန်းမှ ဥစ္စာရတနာ တို့ကို သူခိုး ခိုးသည်ဟု ဗာရာဏသီ တစ်ပြည်လုံး အုတ်အုတ် ကျက်ကျက် ဖြစ်၏။ ဗာရာဏသီ ပြည်သူ ပြည်သားတို့လည်း နန်းတော်သို့ စုရုံးရောက်လာကြကုန်၏။မင်းကြီးသည် မသိဟန်ပြု၍ လုလင်ကို ခေါ်ပြီးလျှင် အမောင်... နန်းတွင်းမှ ရတနာဥစ္စာတို့ကို သူခိုး ခိုးသည်၊ ယခုပင် သူခိုးကို ရှာဖွေဖမ်းဆီးပေလော့ ဟု အမိန့်တော်ရှိလေ၏။

Generated by CamScanner from intsig.com





ပဒကုသလလုလင်သည် အမိဘီလူးမကို ရှိသေစွာ ရှိခိုးလျက် စိန္တာမဏိမန္တရားကို မန်းမှုတ်လေသော် သူခိုးခြေရာကို မြင်၏။ အစဉ်အတိုင်း လိုက်ပြန်သော် နန်းတွင်းရေကန်သို့ ရောက်၏။ ထို့နောက် ရေကန်တွင်းသို့ ဆင်းပြီးလျှင် ရတနာထုပ်ကို ယူ၍ မင်းကြီးအား ဆက်သ,လေ၏။ လူအပေါင်းတို့သည် လုလင်၏ ပညာအစွမ်းကို အံ့သြကုန်၏။ ကောင်းချီးပေးကြကုန်၏။

ထိုအခါ မင်းကြီးသည် ဤလုလင်ကား သူခိုးခြေရာနှင့် ပစ္စည်းထားသိုရာကိုသာ သိသည်။ သူခိုးကို မသိနိုင်ဟု ထင်မှတ်လျက် အမောင်... ပစ္စည်းကိုကား ရပေပြီ၊ သူခိုးကိုလည်း ဖမ်း၍ ပေးပေလော့ ဟု ဆိုလေ၏။

အရှင်မင်းကြီး...သူခိုးကား နှစ်ယောက်ဖြစ်ပါသည်။ဤအရပ်မှာပင်ရှိပါသည်။ထင်ရှားသူများဖြစ်ပါသည်။သူခိုးကိုညွှန်ပြ၍လည်း အကျိုးမရှိနိုင်ပါ။သူခိုးကိုအလိုမရှိပါနှင့်ဟု လျှောက်ထားလေသည်။

ထို့နောက် မင်းကြီးက ငါသည် သင့်အား တစ်လတစ်ထောင် လခပေးရသည်။ သူခိုးကို ရအောင် ဖမ်းပေးလော့ ဟု ဆိုလျှင် ပဒကုသလလုလင်က မြတ်သောမင်းကြီး ဤသူကား သူခိုးဖြစ်သည် ဟု တိုက်ရိုက်မလျှောက်လဲဘဲ ဥပမာပေး၍ လျှောက်ပါမည်။ ဉာဏ်ပညာဖြင့် ဆင်ခြင်၍ သိတော်မူပါ ဟု ဆိုကာ အောက်ပါ ပုံဝတ္ထုကို လျှောက်ထားလေ၏။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည် အစွန်အဖျား မြစ်ကမ်းပါးတွင် သဘင်သည် ဓနီးမောင်နှံတို့ နေထိုင်ကြလေ၏။ ထိုသဘင်သည် လင်မယားသည် ပွဲသဘင်ခံသောနေ့၌ ဗာရာဏသီပြည်တွင်းသို့ သွားကာ စောင်းတီးခြင်း၊ သီချင်းဆိုခြင်းဖြင့် အခ





ကြေးငွေကို ရလေ၏။ ပွဲပြီးလတ်သော် မယားနှင့်အတူ အိမ်ပြန်လာရာ စောင်းကိုလွယ်လျက် မြစ်တစ်ဖက်ကမ်းသို့ ကူးလေလျှင် စောင်းပေါက်မှ ရေဝင်သဖြင့် လေးသောအခါ ရေတွင်နှစ်လေသည်။

မယားသည် မြစ်တစ်ဖက်သို့ရောက်လျှင် ကမ်းစပ်တွင် ရပ်လျက် ငါ၏လင်သည် ရေနစ်၍ မုချသေတော့မည်။မသေမီ သီချင်းတစ်ပုဒ် တောင်းယူသီဆို၍ အသက်မွေးမည်ဟု ကြံစည်လျက်...

အရှင်...ငါ့အား သီချင်းတစ်ပုဒ် ပေးခဲ့ပါဟု ရေနစ်၍ သေအံ့ဆဲဆဲဖြစ်နေသော လင်ထံမှ သီချင်းကို တောင်းလေ၏။

ထိုအခါ ရေနစ်နေသော သဘင်သည်က အို... အရှင်မ၊ ရေသည် သီးနှံများကို စိုက်ပျိုးရာတွင် လည်းကောင်း၊ ချက်ပြုတ်ရာဘွင် လည်းကောင်း၊ သောက်သုံးရာတွင် လည်းကောင်း၊ လျှော်ဖွပ်ရာဘွင် လည်းကောင်း အသုံးဝင်လှ၍ လူတို့၏ ကိုးကွယ်ရာ ဖြစ်၏။ ဘိုကိုးကွယ်ရာဖြစ်သောရေသည် ငါ့အားဘေးဖြစ်လေပြီဟု မယားအား ပြောကြားဖူးလေ၏။

"အရှင်မင်းကြီး ရေသည် လူတို့ ကိုးကွယ်ရာ ဖြစ်သကဲ့သို့ မြို့မင်းလည်း လူတို့၏ ကိုးကွယ်ရာဖြစ်၏။ ထိုမင်းသည် ဘေးမကင်းသော အမှုကို ပြုခဲ့သော် မည်သူမျှ ကယ်နိုင်မည်မဟုတ်ပါ။ ဤဥပမာဖြင့် သူခိုးကို သိလောက်ပါပြီ"ဟု လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးသည် အမောင်... ငါ့အား သွယ်ဝိုက်၍ မလျှောက်လင့်၊ သူခိုးကိုသာ ဖမ်းပေးလော့ ဟု အမိန့်ရှိလေသော် လုလင်လည်း အောက်ပါ ဥပမာကို ပေး၍ လျှောက်ထားပြန်လေ၏။

Generated by CamScanner from intsig.com





ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်အဖျားတွင် အိုးလုပ်ခြင်းဖြင့် အသက်မွေးသောသူတစ်ဦး ရှိလေသည်။ ထိုယောကျ်ား သည် အိုးလုပ်ရန်မြေကို တစ်နေရာတည်း၌သာ တူးသဖြင့် ကာလကြာလတ်သော် လိုဏ်ခေါင်းဖြစ်၍ နေ၏။ တစ်နေ့သောအခါ မြေတူးနေစဉ် မိုးသည်းထန်စွာရွာသဖြင့် လိုဏ်ခေါင်းအတွင်း ရေဝင်ပြီးလျှင် မြေပြိုကျလတ်သော် တစ်ကိုယ်လုံးကို ပိနေ၍ မထွက်နိုင်ရှိလေ၏။

ထိုအခါ အိုးလုပ်သမားက လူတို့သည် မြေပေါ်တွင် လုပ်ကိုင်စားသောက် နေထိုင်ကြကုန်၏။သီးနှံပင်တို့ကို မြေပေါ်တွင် စိုက်ပျိုးကြကုန်၏။မြေသည် လူတို့၏ ကိုးကွယ်ရာဖြစ်၏။ ထိုကိုးကွယ်ရာဖြစ်သော မြေသည် ငါ့အားဘေးဖြစ်ချေပြီ ဟု ငိုကြွေးမြည်တမ်းဖူးလေသည်။

အရှင်မင်းကြီး... လူတို့၏ ကိုးကွယ်ရာဖြစ်သော မြေသည် အိုးထိန်းသည်ကို ဖိသကဲ့သို့ လူအများ၏ ကိုးကွယ်ရာဖြစ်သော မင်းသည် ခိုးမှုကို ကျူးလွန်လေသော် အဘယ်သူ တားမြစ်နိုင်ပါအံ့နည်း။ ဤသို့ဖြင့် သူခိုးကို သိလောက်ပါပြီဟု လျှောက်ထားလေသော် အမောင်... ဖုံးလွှမ်းအပ်သောစကားဖြင့် မလျှောက်လင့်၊ သူခိုးကိုသာဖမ်း၍ပေးလော့ဟုအမိန့်ရှိလေလျှင် ပဒကုသလလုလင်လည်း အောက်ပါဥပမာကိုဆောင်၍ လျှောက်ထားပြန်လေ၏။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်အတွင်း အိမ်တစ်အိမ်ကို မီးလောင်နေစဉ် အိမ်ရှင်ယောကျ်ားသည် အိမ်တွင်းရှိ ပစ္စည်းဥစ္စာတို့ကို ထုတ်ယူရန် အတွင်းဝင်ရောက်လေသည်။ထိုအခါ၌ မီးသည် တံခါးပေါက်ကို ပိတ်၍လောင်သော် ထွက်ပေါက် မရတော့ဘဲ ကြီးစွာသောဘေးဒုက္ခနှင့် ကြုံတွေ့လေလျှင် အိမ်တွင်း၌ရပ်လျက်...





အို… လူအပေါင်းတို့၊ စားသောက်ဖွယ်အမျိုးမျိုးတို့ကို မီးဖြင့် ချက်ရ၏။ ချမ်းအေးခြင်းကို မီးဖြင့် ပယ်ဖျောက်ရ၏။ အမှောင်ကို မီးဖြင့် လင်းစေနိုင်၏။ မီးသည် လူတို့၏ ကိုးကွယ်ရာ ဖြစ်၏။ ထိုကိုးကွယ်ရာဖြစ်သော မီးသည် ငါ့အား ဘေးဖြစ်ချေပြီ ဟု ငိုမြည်တမ်းဖူးလေသည်။

အရှင်မင်းကြီး…မီးကဲ့သို့ လူတို့၏ကိုးကွယ်ရာဖြစ်သော သူသည် ရတနာထုပ်ကို ခိုးယူဘိ၏။ ဤမှုဖြင့် သူခိုးကိုသိလောက်ပါပြီ၊ မမေးပါနှင့်ဟု လျှောက်ထားလေသော် မင်းကြီးလည်း ကျေနပ်တော်မမူသဖြင့် အမောင်…ငါ့အား သူခိုးကိုသာ ဖမ်း၍ပေးလော့ဟု အမိန့်ရှိလျှင် လုလင်လည်း အောက်ပါဥပမာကို ဆောင်၍ လျှောက်ထားပြန်လေ၏။

ရှေးလွန်လေပြီးသောအခါ ဟိမဝန္တာတောဌ် အကိုင်း၊အခက်၊ အရွက်၊အသီး၊အပွင့်တို့နှင့် ပြည့်စုံသော သစ်ပင်ကြီး တစ်ပင်တွင် ငှက်အပေါင်းတို့ မှီခိုနေထိုင်လေ၏။ တစ်နေ့သောအခါ လေတိုက်ခတ်မှုကြောင့် သစ်ကိုင်းတို့သည် အချင်းချင်းပွတ်တိုက်ကြလေသော် မီးထ၍ တောက်လေ၏။

ထိုအခါ မီးကိုမြင်သော ငှက်မင်းသည် အို…ငှက်အပေါင်းတို့ အသီးကိုသာ စား၊အခက်တွင်နားလျက်၊အရွက်တို့ဖြင့် အသိုက်အမြုံပြု၍ ကာလကြာမြင့်စွာ မှီခိုနေထိုင်ခဲ့သော ဤသစ်ပင်ကြီးသည် ယနေ့ မီးလောင်လေပြီ၊ ဘေးကင်းရာ အရပ်သို့ သွားကြကုန်လော့။ ငါတို့အား မှီခိုအားထား ကိုးကွယ်ရာဖြစ်သော သစ်ပင်ကြီးမှာ ဘေးဖြစ်လာပြီ ဟု ငှက်အပေါင်းတို့အား ပြောင်းရွှေ့ရန် သတိပေးခဲ့ဖူးလေသည်။

အရှင်မင်းကြီး… လူတို့၏ ကိုးကွယ်ရာဖြစ်သော မင်းသည် ခိုးမှုကိုပြုလတ်သော် အဘယ်သူကယ်နိုင်မည်နည်း၊ သူခိုးကို ဖမ်းရန်

Generated by CamScanner from intsig.com





အလိုမရှိပါနှင့်ဟု လျှောက်ထားလေ၏။မင်းကြီးလည်းနှစ်သက်ခြင်း မရှိသဖြင့် သူခိုးကိုသာ ဖမ်း၍ ပေးလော့ ဟု အမိန့်ရှိလေလျှင် ပဒကုသလ လုလင်လည်း အောက်ပါဥပမာဆောင်၍ လျှောက်ထား ပြန်လေ၏။

ရှေးလွန်လေပြီးသောအခါ ရွာတစ်ရွာတွင် သားသည် အမိကို လုပ်ကျွေးလျက်နေ၏။အမိသည် မိမိကို စောင့်ရှောက်ရန်ဟူသော အကြံဖြင့် အမျိုးသမီးတစ်ယောက်နှင့် သားအား လက်ထပ်ပေးလိုက်၏။ ကာလအတန်ကြာသောအခါ ချွေးမသည် ယောက္ခမအား သတ်ရန် လင်ကို မုန်းတီးအောင် ကုန်းတိုက်လေ၏။ သားမိုက်လည်း သတ်ရန် သဘော ၎ူ၏။ ညအချိန် အမိအို အိပ်နေစဉ် သားနှင့် ချွေးမသည် ညောင်စောင်းနှင့်တကွ သုသာန်သို့ မီးရှို့သတ်ရန် ယူဆောင်သွားလေ၏။ သုသာန်သို့ ရောက်လတ်သော် မီးမပါခဲ့ သဖြင့် နှစ်ဦးစလုံး မီးပြန်ယူစဉ် လေတိုက်၍ အမိအို လန့်နိုးလေ၏။ အမိအိုသည် သားနှင့် ချွေးမ သတ်ရန် ယူလာသည်ကို သိလျှင် ထင်းတုံးတစ်ခုကို အဝတ်ဖြင့် ဖုံးအုပ်လျက် ညောင်စောင်းပေါ်တွင် တင်ထားခဲ့၏။ ထို့နောက် အုတ်ဂူတစ်ဂူ အတွင်းသို့ ဝင်ရောက် ပုန်းအောင်းနေ၏။ သားနှင့် ချွေးမလည်း ညောင်စောင်းပေါ်က ထင်းတုံးကို အမိအို ထင်မှတ်၍ မီးတိုက်ပြီး ပြန်ကြလေသည်။

မိုးသောက်လတ်သော် အမိအိုလည်းသူခိုးတစ်ယောက်ဝှက်ထား သော ဥစ္စာထုပ်ကို အုတ်ဂူအတွင်းမှ ယူပြီးလျှင် အိမ်သို့ပြန်လာ လေ၏။ ချွေးမသည် အမိကိုမြင်လျှင် မိခင် ဥစ္စာကို အဘယ်သို့ ရှာခဲ့သနည်းဟု မေးလတ်သော် ငါ့အားစောင့်ရှောက်ရန် ဟူသော အမှတ်ဖြင့် သားနှင့်လက်ထပ်ပေးသောချွေးမသည် ငါ့အား သတ်ရန် ကြံ၏။ ကိုးကွယ်ရာ ဖြစ်သော ချွေးမမှာ ဘေးဖြစ်လေပြီ ဟု ဆိုမြည်တမ်းပူးလေ၏။

Generated by CamScanner from intsig.com





အရှင်မင်းကြီး... သူခိုးကို သိလောက်ပါပြီ ဟု လျှောက်ထားသော် မင်းကြီးမနှစ်သက်သဖြင့် အောက်ပါဥပမာဖြင့် လျှောက်ထားပြန်လေသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် လူတစ်ယောက်သည် သားယောကျ်ားကို အလွန်အလိုရှိ၏။ သား ရလိုပါ၏ ဟု ဆုတောင်း၏။ မကြာမီ သားတစ်ယောက်ရ၏။ မွေးဖွားလာသောအခါ အလွန်ဝမ်းမြောက်၏။ အရွယ်ရောက်လတ်သော် အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ပေး၏။

အိုမင်း၍ အလုပ်မလုပ်နိုင်သောအခါ သားမိုက်သည် အဖအား နှိပ်စက်ညှဥ်းပမ်းပြီးလျှင် အိမ်မှ နှင်ထုတ်၏။ ဖခင်အိုလည်း ဆင်းရဲပင်ပန်းစွာ အသက်မွေးလျက်...

အို...လူအပေါင်းတို့၊ သားယောကျ်ားမွေးလာသောအခါ အလွန်ဝမ်းမြောက်၏။ သားယောကျ်ားကို အလွန်အားကိုးကြကုန်၏။မှီခိုကြကုန်၏။ ထိုသားသည် ငါ့ကို အိမ်မှ နှင်ထုတ်ခဲ့၏။ ကိုးကွယ်ရာဖြစ်သော သားသည် ငါ့အား ဘေးဖြစ်ချေသည်ဟု ငိုကြွေးမြည်တမ်းလေ၏။

အရှင်မင်းကြီး...ကျေးဇူးသိသော သားသည် အဖအား စောင့်ရှောက်သကဲ့သို့ မင်းနှင့် ပုရောဟိတ်တို့သည် တိုင်းသူပြည်သူသားတို့အား စောင့်ရှောက်အပ်ကုန်သည်။ ဤဘေးကား မင်းထံမှဖြစ်သော ဘေးတည်း။ ဤမျှဖြင့် သူခိုးကို သိလောက်ပါပြီ ဟု လျှောက်ထားပြန်၏။

လုလင်သည် မင်းကြီးအား စောင့်ရှောက်လိုသဖြင့် ဥပမာအမျိုးမျိုးဖြင့်လျှောက်ထားပါသော်လည်း မင်းကြီးသည် နားမထောင်ဘဲ ရှေးဘဝက ပြုခဲ့သောကုသိုလ်ကံသည် ကုန်ဆုံးပြီး အကုသိုလ်နိုးဆော်လေသဖြင့် သူခိုးကိုသာ မိအောင် ဖမ်းပေးလော့ ဟု အမိန့်ရှိလေ၏။

Generated by CamScanner from intsig.com





ထိုအခါ ပဒကုသလ လုလင်သည် မင်းကြီးအား စောင့်ရှောက်ရန် ခွင့်ဝတ်ကုန်ပြီ ဖြစ်သဖြင့် မြတ်သောမင်းကြီး... ပရိသတ်အလယ်တွင် သူခိုးကို ဖမ်း၍ ပြရမည်လော ဟု မေးလေသော် အမောင်... ဖမ်း၍ပြပါ ဟု ဆိုလျှင်...

လုလင်ကဤနန်းရင်ပြင်သို့စုဝေးရောက်လာကြကုန်သော် အိုတိုင်းသူပြည်သားအပေါင်းတို့ မီးမရှိသော ရေမှ မီးထတောက်သကဲ့သို့ ဘေးမရှိသော မင်းမှ ဘေးဖြစ်ခဲ့ချေပြီ။ သင်တို့သည် မိမိ ကိုယ်ကို မိမိစောင့်ရှောက်ကြကုန်လော့။မင်းမည်သည်ကား လူတို့၏ ကိုးကွယ်ရာဖြစ်၏။ထိုကိုးကွယ်ရာဖြစ်သော မင်းမှ ဘေးဖြစ်ချေပြီ။ မင်းကြီးနှင့် ပုရောဟိတ်တို့သည် ရတနာထုပ်ကို ခိုးယူကြကုန်၏။ သူခိုးဖြစ်သောမင်းကြီးနှင့် ပုရောဟိတ်တို့ကို ဖမ်းချုပ်နှောင်၍ ခိုးမှုအပြစ်ဒဏ်ကို ပေးကြကုန်လော့ ဟု ဆိုလေ၏။

ထိုအခါ စုဝေးရောက်ရှိနေကြကုန်သော သူအပေါင်းတို့သည် ပဒကုသလလုလင်၏ စကားကို ကြားလျှင် ဒေါသအမျက်ထွက်လျက် မင်းကား တိုင်းသူပြည်သား အပေါင်းတို့အား စောင့်ရှောက်ရမည့်သူဖြစ်လျက် မစောင့်ရှောက်ဘဲ အပြစ်ကင်းသူကို အပြစ်ရှာကာ မိမိဥစ္စာကိုပင် မိမိခိုးယူ၍ ရေကန်တွင်း၌ဝှက်ထားခဲ့၏။သူခိုးကို အဖမ်းခိုင်း၏။ နောက်တစ်ဖန်မခိုးနိုင်အောင် ဤမင်းယုတ်ကိုသတ်မှတော်မည်ဟု ကြံစည်လျက် တုတ်၊ တောင်ဝှေး၊ အုတ်ခဲစသော လက်နက်တို့ကို ကိုင်ပြီးလျှင် မင်းနှင့် ပုရောဟိတ်တို့ကို ဖမ်းဆီးသတ်ဖြတ်ကြလေ၏။ မင်းနှင့် ပုရောဟိတ်လည်း ထိုနေရာတွင်ပင် သေလွန်ကြကုန်၏။

ထို့နောက် ဗာရာဏသီ ပြည်သူပြည်သားအပေါင်းတို့သည် မင်းနှင့် ပုရောဟိတ်တို့ကို သတ်ပြီးလျှင် ပဒကုသလ လုလင်ကို

Generated by CamScanner from intsig.com





မင်းမြောက်ကြလေ၏။ဘီလူးမသား ပဒကုသလလုလင်သည်လည်း မိဘကျေးဇူးကြောင့် စည်းစိမ်ထူးဖြစ်သော မင်းအဖြစ်ကို ရရှိလေ၏။

အထက်ပါဝတ္ထုတွင် ဘီလူးမသည် သားကို အလွန်ချစ်ပြီး သားနှင့် ခွဲခွာရသောအခါ ရင်ကွဲသေ၏။မသေမီ သားအား အသက် မွေးရန်အတွက် မန္တရားကို သင်ပေးခြင်း၊ ထိုမန္တရားကို မှီ၍ပင် မင်းအဖြစ်ကို ရခြင်းစသော အကြောင်းများကြောင့် မိဘများ၏ ဂုဏ်ကျေးဇူးနှင့် မေတ္တာတရား ကြီးမားကြောင်းကို ထင်ရှားသိနိုင် ပေသည်။

ဤမျှ ကျေးဇူးကြီးလှသော မိဘများအား သားသမီးကောင်းများ ပီသစွာ စွမ်းနိုင်သမျှ ပြုစုလုပ်ကျွေးကျေးဇူးဆပ်ရန် သင့်လှပေသည်။

"မြင်းမိုရ်တောင်ဦးမကကြူးသည့်၊ ကျေးဇူးတော်ရှင်၊ မွေးမိခင်နှင့်၊ ဖခင်မြတ်များ၊ နတ်နှစ်ပါးကို၊ တတ်အားသမျှ၊ ကျွေးမွေးကြလျက်၊ ကိစ္စကြီးငယ်၊ အသွယ်သွယ်ကို၊မဖယ်မရှောင်၊သားလှမောင်တို့၊ ရွက်ဆောင်သည်ပိုး၊ ဤအကျိုးကြောင့်၊ ဘေးမျိုးကင်းစင်၊ ရန်အောင်မြင်၍၊ မင်္ဂလိ ဝင်ရောက်၊ ကြံတိုင်း ပေါက်မည်၊ ဝမ်းမြောက်ဖွယ်ရာ၊ အကျိုးတည်း"။

(ငါးရာ့ငါးဆယ်ဇာတ်တော် နဝကနိပါတ်၊ပဒကုသလ မာဏဝဇာတ်ကို ခေတ်အလိုက် ရေးသားထားသည်။)

## မိဘကျေးဇူး မြင်းမိုရ်ဦး

ရှေ့ပိုင်းတွင် အနန္တငါးပါးမှ လေးပါးကို ပြဆိုခဲ့ပြီး ဖြစ်သည်။

[illegible]ကျေးဇူးကို ပြဆိုပါအံ့။ ဤတွင် မိဘတို့၏ သားသမီးများ အပေါ် တင်ရှိနေသည့် ကျေးဇူးကား ကာယကံ၊ ဝစီကံ၊ မနောကံ

Generated by CamScanner from intsig.com





တို့ဖြင့် စောင့်ရှောက်ခဲ့သော ကျေးဇူးပေတည်း။ သားသမီးများအနေဖြင့်လည်း မိဘတို့မှ မိမိတို့အပေါ်တွင် ကံသုံးပါးဖြင့် စောင့်ရှောက်ခဲ့သည်များကိုပြန်လည်၍ ကျေးဇူးဆပ်ရမည်သာတည်း။ မိဘတို့ မိမိတို့အပေါ် ကံသုံးပါးဖြင့် စောင့်ရှောက်ခဲ့ပုံကား...

မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးကလေး ပဋိသန္ဓေနေလာသည်ကို သိသည်နှင့်တစ်ပြိုင်နက် ကောင်းစွာထိန်းသိမ်းမှုကိုပြုခဲ့ကြသည်။ မွေးလာသောအခါတွင်လည်း အလွန်ပင်ချစ်ခင်၍ ကိုးလကျော် ဆယ်လနီးပါးမျှ အပင်ပန်းခံကာ နေခဲ့ရသော ဆင်းရဲများပျောက်ကွယ်ခဲ့ရသည်။မိဘတို့သည် သားသမီးများ၏ အပေါ်တွင် သားပိုက်ကောင်ကဲ့သို့လည်း ပြုစုစောင့်ရှောက်သည်။ ပန်းပင်ကလေးကဲ့သို့လည်း လုပ်ကျွေးမွေးမြူသည်။ထိုအကြောင်းကို အရှင်မဟာရဋ္ဌသာရ "ဘူရိဒတ်အလင်္ကာကြီး"တွင် အောက်ပါအတိုင်း စပ်ဆိုတော်မူထားသည်ကို တွေ့ရသည်။

ပဋိသန္ဓေ၊ ဆယ်လနေ၍၊ မြူတေမျက်နှာ၊ မြင်သောအခါကား၊
နံ့သာပန်းမျိုး၊ မဥ္ဇူပျိုးသို့၊ မြတ်နိုးလှမော၊ ချစ်သဘောဖြင့်၊
ကျော်စောထင်အောင်၊ စီးပွ ဆောင်သည်၊ ဘုန်းခေါင် မိခင်
ကျေးဇူးရှင်။

မိဘတို့သည် သားသမီးအပေါ် မစားတတ်သေးခင်၊ မသွားတတ်သေးခင် ကိုယ်တိုင် ပြုစုစောင့်ရှောက်၍ စားတတ် သွားတတ်အောင် အစဉ်တစိုက် ပြုစုစောင့်ရှောက်ခဲ့ကြသည်။ ထိုသို့ ပြုစုစောင့်ရှောက်မှုကြောင့်လည်း "လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယမိနှင့် ဖ"ဟူ၍ ခေါ်ဆိုကြခြင်း ဖြစ်သည်။ မိဘတို့၏ ကျေးဇူးသည် မည်မျှကြီးမားကြောင်းကို တိုင်းတာ၍ပင် မရချေ။ တိုင်းတာ၍ပင်

Generated by CamScanner from intsig.com

မရသောကြောင့် ဆရာမြတ်တို့က "မြင်းမိုရ်တောင်ဦး မကကြူး" ဟု ပြောဆိုကြခြင်း ဖြစ်သည်။ "မြင်းမိုရ်တောင်ကား အလွန်ကြီးမားလှသည်။ အလွန်တရာကြီးမားသော မြင်းမိုရ်တောင်သည်ပင် မိဘမေတ္တာနှင့် နှိုင်းဆသော် နှိုင်းဆ၍မရဟု ဆိုခြင်းဖြစ်သတည်း။ အလွန် ကြီးမားသော မြင်းမိုရ်တောင်ကို အလွန် ကြီးမားသော မိဘမေတ္တာနှင့် နှိုင်းဆခြင်းမျိုးလည်းဖြစ်သည်။ တစ်ဖန် မိဘကျေးဇူးကား ဖော်ပြပါ မြင်းမိုရ်တောင်နှင့် နှိုင်းဆ၍ မရသောကြောင့် "မြင်းမိုရ်တောင်ဦး မကကြူးသည့် ကျေးဇူးအရှင် မွေးမိခင်"ဟုလည်း သူတော်ကောင်းအပေါင်းတို့မှတင်စား၍ ဆိုထားကြပြန်၏။

ဤအကြောင်းကို အရှင်မဟာရဋ္ဌသာရမှ "လက်သစ်တောင်ထွာ၊ ယူဇနာပေါင်း တာပြန်လောင်းသော်၊ ရှစ်သောင်းလေးထောင် အမြင့်ဆောင်သည့်၊ တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မွေးမိခင် ဖခင် ကျေးဇူးရှင်"ဟူ၍လည်း အံ့ဖွယ်သရဲ စပ်ဆိုသွားခဲ့သည်။

## ဆပ်၍မကုန်နိုင်သော မိဘကျေးဇူး

ဆပ်မကုန်နိုင်သော မိဘတို့၏ ကျေးဇူးကို ပေးဆပ်ရာတွင် အမိကို လက်ယာ၊ အဖကို လက်ဝဲဟူသည့် ပခုံးထက်တို့၌ ထား၍ ရာသက်ပန် ပြုစုလုပ်ကျွေးစေကာမူ မကျေနိုင်ကြောင်းကို ပြဆိုထား၏။ ဖော်ပြပါအခြင်းအရာအတိုင်း မိခင်ကိုလက်ယာပခုံး၊ ဖခင်ကို လက်ဝဲပခုံးထက်တွင်ထား၍ ကျင်ကြီးစွန့်စေ၊ ကျင်ငယ်စွန့်စေ ရွံရှာခြင်း အလျှင်းမရှိဘဲ အစာရေစာ ကျွေးမွေးပြုစုကာဖြင့် မိဘတို့မှ မိဘတို့အပေါ်တွင် ပြုစုခဲ့ဃည့်နည်းတူ ပြန်လည်ပြုစုနိုင်ကြရမည်။



ဤအကြောင်းခြင်းရာနှင့် ပတ်သက်၍(မဃဒေဝလင်္ကာ)တွင် အောက်ပါအတိုင်း စပ်ထားသည်ကို တွေ့ရသည်။

"မိုကိုလက်ယာ၊ ဖကိုလက်ဝဲ၊ အမြဲဆောင်ရွက်၊ ပခုံးထက်၌၊ တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်ဆိုင်၊ မကုန်နိုင်ဘူး"

## ကျေးဇူးအဖုံဖုံ မိဘဂုဏ်

မိဘကျေးဇူးကို မည်ကဲ့သို့သော အကြောင်းခြင်းရာတို့ဖြင့် နှိုင်းဆကြပါမည်နည်း။မြတ်စွာဘုရားရှင်က"မာတုပေါသကသုတ်" တွင် နှိုင်းဆပြရာ၌ အလွန်တရာ ကျယ်ဝန်းသော စကြဝဠာကြီးပင် မိဘ မေတ္တာနှင့် ယှဉ်လိုက်ပါက အပ်နဖားမျှသာတည်းဟု ဆိုပြထား၏။ အတုမရှိသော သဗ္ဗညုသည်ပင် ဤကဲ့သို့ ပြဆိုထားပါက မိမိတို့ ပါမွှားများ အနေဖြင့်ကား ပြောဖွယ်ရာပင် မလိုတော့ချေ။ နှိုင်းယှဉ်၍လည်း ကြည့်နိုင်တော့မည် မဟုတ်ချေ။

ရှေးသူတော်ကောင်း အပေါင်းတို့အနေဖြင့်ကား မိဘတို့၏ မေတ္တာတရား ကြီးမားပုံကို အမျိုးမျိုးသော ကြောင်းခြင်းရာတို့ဖြင့် တင်စားကာ ပုံဖော်ကြည့်ခဲ့ကြသည်။ မုံတိုင်ပင် ဆရာတော်က ဆုတောင်းအမျှဝေကျမ်းတွင် "မြင်းမိုရ်မေယု၊ နှိုင်းတုမမှီ၊ ပထဝီမျှ၊ မြစ်မ,ကျယ်စွာ၊ သမုဒ္ဒရာလည်း၊ ပမာခွက်ငယ်၊ နှိုင်းဖွယ်မမျှ၊ ကြီးမြတ်လှသည်"ဟူ၍ ရေးသားခဲ့ပါသေးသည်။

Generated by CamScanner from intsig.com

## အတုလဆရာတော်ခင်ကြီးဖျော်၏ စာသွားလင်္ကာ

မိဘကျေးဇူးကို အမျိုးမျိုးသော နည်းဖြင့် ပုံဖော်ကြရာတွင် အတုလဆရာတော်၏ စာသွားလင်္ကာမှာလည်း ကောင်းမွန်ပြည့်စုံလှသည်။ ယုဇနာ နှစ်သိန်းလေးသောင်း အတုရှိသော မဟာပထဝီမြေကြီးသည်ပင်လျှင် မိဘမေတ္တာနှင့် နှိုင်းဆကြည့်မည် ဆိုပါက ဝါးရွက်မျှလောက်သာ ရှိကြောင်းကို ပြဆိုထားသည်။ ယူဇနာ တစ်သန်း နှစ်သိန်း သုံးထောင့် ငါးဆယ် အပြောကျယ်သော စကြဝဠာ တိုက်ကြီးသည်ပင် အပ်နဖားမျှသာ ဖြစ်ကြောင်းကို ပြဆိုထားပြန်သေးသည်။ ယူဇနာ ရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်မှာလည်း ဤမိဘကျေးဇူးနှင့် တိုင်းတာလိုက်မည်ဆိုပါက တောင်ပို့ငယ်ပမာ မျှသာဟု ပြဆိုထားသည်။ ယူဇနာရှစ်သောင်းလေးထောင် အပြောဆောင်သည့် မဟာသမုဒ္ဒရာမှာလည်း ဤမိဘကျေးဇူးနှင့် ဆန်းစစ်လိုက်မည်ဆိုပါက ရေခွက်ငယ်မျှလောက်သော ဟု ပြဆိုထားသည်။

ဤသို့ ဆရာတော်၏ စာသားလင်္ကာကို ဖတ်ရင်းမှလည်း ရင်၌ ပီတိအဟုန် လွှမ်းခြုံလျက်သား ဖြစ်ရသည်။ မိဘတို့၏ ကျေးဇူးနှင့် မေတ္တာတော်ကား ကြီးပေစွ၊ မိဘကျေးဇူးကြီးသည့် အလျောက်လည်း ဆရာတော်က အစွမ်းပြထားခြင်း ဖြစ်သည်။ ဆရာတော်၏ အလင်္ကာကိုလည်း ကြည့်ပါဦး။ ဆရာတော်၏ အလင်္ကာက...

"နှစ်သိန်းလေးသောင်း၊ ပေါင်းသည်ဤမြေ၊ ထုထုထွေလည်း၊ စိမ်းရှည် ထွားထွား၊ ဝါးရွက်လားသို့၊ ကြယ်များ စကြဝဠာ၊ ကြီးရောလည်း၊ အပ်မှာ နဖား၊ ထွင်း၏လားနှင့်၊ မပြားပုံဆို၊ တောင်မြင်းမိုရ်လည်း၊ နွားချိုပေါက်စ၊ ပမာပြ၏၊ နောက်လှစွာရှောင်၊ ရှစ်သောင်း လေးထောင်၊ အမြင့်ဆောင်၍၊ ရေဖောင်ဖောင်နှင့်၊ သဲချောင်းသမုဒ္ဒရာ၊ ရေများစွာလည်း၊ ပမာမလောက်၊ မိုးရေပေါက်သို့၊ အံ့လောက်စရာ၊ မိ,မှာယာနှင့်၊ ဖ,မှာလက်ဝဲ၊ အမြဲထမ်းလျက်၊ ပခုံးထက်တွင်၊ သို့ပင်နိစ္စ၊ လုပ်ကျွေးကြလည်း၊ ရှေးကပြုဖူး၊ မွေးကျေးဇူးကို၊ အထူးမြဲခိုင်၊ မဆပ်နိုင်တည့်။"



## ဝတ္တရားကျေသော သားသမီးကောင်းများဖြစ်ရန်

အများအားဖြင့်ကား မိဘတို့အနေဖြင့်သားသမီးများအပေါ်တွင် တာဝန်ဝတ္တရားများ ကျေပွန်ကြ၏။ မိမိတို့အနေဖြင့်လည်း ကိုယ့်အလှည့် ရောက်ရှိသောအခါ တာဝန်ကျေအောင် ပြန်လည်၍ ပြုစုလုပ်ကျွေးကြရမည်။

မိဘတို့ကား မိမိတို့အပေါ် ပြုစုစောင့်ရှောက်ကြသည်ကိုပြန်၍ ကြည့်မည်ဆိုပါကလည်း ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ဖြစ်သည်။ ထိုကလေးဘဝတွင် မိဘတို့ကား နို့ချိုတိုက်ကျွေးခြင်း၊ အမွေးနံ့သာ လိမ်းကျံပေးခြင်း၊ ရေချိုးပေးခြင်း၊ အဝတ်လျှော်ပေးခြင်း အစရှိသဖြင့် မရေမတွက်နိုင်အောင် ပြုစုလုပ်ကျွေးခဲ့ကြသည်။

သားသမီးများအနေဖြင့် မိဘတို့ အသက်အရွယ်ကြီးရင့်လာ၍ မလုပ်နိုင်၊ မကိုင်နိုင်သောအခါတွင် ပြန်လည်၍ ပြုစုလုပ်ကျွေးမှသာလျှင် တာဝန်ဝတ္တရား ကျေပွန်သော သား သမီးကောင်း တစ်ယောက် ဖြစ်လာပေတော့မည်။ထိုကဲ့သို့ လုပ်ကျွေးရာ၌လည်း

Generated by CamScanner from intsig.com

ရိုရိုသေသေ လုပ်ကျွေးရမည်။ အကြောင်းမူကား မိဘတို့အပေါ်တွင် တစ်ဖန်ပြန်၍ မြတ်မြတ်နိုးနိုး လုပ်ကျွေးခဲ့ခြင်းကို ချေခြင်းသည် ဤကြောင်းခြင်းရာနှင့် ပတ်သက်၍ ကန်တော်မင်းကျောင်း ဆရာတော်က အောက်ပါအတိုင်း ဆုံးမတော်မူထားသည်။

"မိခင် ဖခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂူပုထိုးသို့၊ ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍၊ လုပ်ကျွေးခယ၊ ရိုတုပ်ကွလျက်" တစ်ဖန် ရှင်မဟာရဋ္ဌသာရကမူ "ဘုရားတစ်ဆူ၊ ဂူတစ်လုံးတွင်၊ စိတ်ကထင်လျက်၊ ဦးတင်လက်ထား၊ အဝတ်အစား မလွတ်ရစေ၊ ရေပူရေအေး၊ လိုရာပေး၍၊ ကျွေးမွေးကြလေ၊ တစ်ထွေ မှတ်သား၊ အခါးအချို၊ သူတို့ကိုလည်း"ဟူ၍ ဖြစ်သည်။

## မိဘတို့အား လုပ်ကျွေးနည်း

တစ်နည်းတစ်ဖုံ အားဖြင့်ကား မိဘတို့အပေါ် လုပ်ကျွေးရာ၌ မိဘတို့ကို လုပ်ကျွေးခြင်း၊ ပြုစုစောင့်ရှောက်ခြင်း၊ အမွေခံထိုက်စေရန် ကျင့်ကြံခြင်း၊အလှူအတန်းပြုကာ အမျှအတန်းပေးဝေခြင်း၊ မိမိတို့၏မျိုးနွယ်အစဉ်ဆက်ကို စောင့်ရှောက်ခြင်းများသာ ဖြစ်သည်။ ဤကား သားသမီးတို့၏ ကျင့်ဝတ်ငါးပါးတည်း ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ဤကျင့်ဝတ်ငါးပါးသည် သားသမီးတို့ မိဘတို့ အပေါ် မလွဲမသွေ ပြန်လည်၍ ပြုစုစောင့်ရှောက်ရမည် ဖြစ်သော တာဝန်ကြီးငါးမျိုး ဖြစ်သည်။



သားသမီးအနေဖြင့် ဤငါးမျိုးဖြင့် မိဘအပေါ် မဖြစ်မနေ ပြန်လည်ပြုစု လုပ်ကျွေးကြရမည် ဖြစ်သည်။ ဤငါးမျိုးသော ကျင့်ဝတ်နှင့်ညီလျှင် မိဘတို့ကို လုပ်ကျွေးခြင်းမည်သည်။ ထိုသို့ လုပ်ကျွေးရန်အတွက် ရွှေကျောင်းဆရာတော်က "ကျင့်ဝတ်ငါးမည်၊ အရင်းတည်လျက်၊ ချစ်ကြည်မကွေ၊ ညို့ပြင်တွေဖြင့်၊ ရိုသေလှစွာ၊ လုပ်ကျွေးရာ၏"ဟု မိန့်မှာတော်မူထား၏။

ဖော်ပြပါ ကျင့်ဝတ်တို့ကား သားသမီးများအတွက် လွန်စွာမှ အရေးပါသည်။ ရာသက်ပန် ဤငါးမျိုးသော ကျင့်ဝတ်ဖြင့် ပြုစု စောင့်ရှောက်ကြရမည်။ ထိုအကြောင်းကို ဦးရှင်ကလေးကလည်း "ကျင့်ဝတ်တရား၊ ဤငါးပါးနှင့်၊ သားတို့ဖွယ်ရာ၊ ကျင့်တတ်စွာမူ၊ ထိုသည့်သူကို၊ လူလည်းထွက်စေ၊ လူတော်မှတ်လော့၊ နတ်လည် နတ်အလျောက်၊ နတ်ပြည်ခြောက်မှ၊ချီးမွမ်းကြလိမ့်"ဟူ၍ ဆုံးမစာ တွင် ဖော်ပြထား၏။ လူလည်းလူအလျောက် သားသမီးတို့ထားအပ်သော ဝတ္တရားငါးပါးကို ကျေပွန်မှသာလျှင် လူတို့အနေဖြင့် ချီးမွမ်း ကြသကဲ့သို့ နတ်လည်း နတ်တို့အနေဖြင့် ချီးမွမ်းကြလိမ့်မည် ဖြစ်သည်။

ဤတာဝန်ဝတ္တရားငါးပါးကို မကျေပွန်ပါက လူတို့အနေဖြင့် လည်း မချီးမွမ်း၊ နတ်တို့အနေဖြင့်လည်း မချီးမွမ်းကြတော့ပေ။

## ယဉ်ရွယ်သူတို့ မိဘလုပ်ကျွေးပုံ

အထက်ဖော်ပြခဲ့သော အကြောင်းအရာတို့မှ "မိဘကို ပြုစု လုပ်ကျွေးခြင်း" ဟူသည့် ပထမအချက်မှာ မိဘများအနေဖြင့်

Generated by CamScanner from intsig.com

အသက်အရွယ် ကြီးရင့်ပြီးဖြစ်သောကြောင့် သားသမီးများအနေဖြင့် ပြန်လည်၍ ပြုစုလုပ်ကျွေးခြင်းကို ဆိုသည်။ ငယ်ရွယ်သူများဖြစ်နေပါက လုပ်ကျွေးစရာမလိုဘဲ ရှိနေကြသည်။ တစ်ဖန် သားသမီးမှ အသက်ငယ်နေသေးသောကြောင့် မလုပ်ကျွေးနိုင်သေးဘဲ ရှိနေကြ၏။ ထိုသို့ မလုပ်ကျွေးနိုင်သော အချိန်အခါတွင် သားသမီးတို့ အနေဖြင့် မိဘတို့အပေါ် အိပ်ရာဝင် အိပ်ရာထ ရှိခိုးခြင်း၊ မိဘခိုင်းသည့် အရာမှန်သမျှကို လိမ္မာရေးခြားရှိစွာဖြင့် ပြုစုလုပ်ကျွေးခြင်း၊ ခြေဆုပ်လက်နယ် ပြုပေးခြင်း၊ မိဘ၏ အလုပ်အကိုင်တို့ကို ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးခြင်း အစရှိသဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်အောင် ကြိုးစားကြရမည်။

ထိုအခြင်းအရာတို့နှင့် ပြည့်စုံသော သားသမီးများကို မိဘလုပ်ကျွေးသူများဟူ၍ ခေါ်ဆိုရမည်။

## သားသမီးတိုင်း မိဘကို လုပ်ကျွေးရမည်

မိဘကို လုပ်ကျွေးသော အကြောင်းခြင်းရာကား မွန်မြတ်သော သူတော်စင်အပေါင်းတို့၏ လမ်းစဉ် ဖြစ်သည်။ သူတော်ကောင်းမှန်သမျှတို့ မိဘကို လုပ်ကျွေးကြ၏။ ဘုရားရှင် ပါရမီဖြည့်စဉ် တစ်လျှောက်လုံးကို ကြည့်မည်ဆိုပါကလည်း အလောင်းတော်ဘဝ မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးခဲ့ကြောင်းနှင့် ဘုရားအလောင်းတော်၏ ပြုစုလုပ်ကျွေးပုံတို့မှာ ဇာတ်တော်များ၌ များစွာပင်ရှိ၏။ အတုယူအားကျဖွယ်ရာလည်း ကောင်း၏။



ဘုရားလောင်း ကျေးမင်းဖြစ်စဉ်အခါ၊ သုဝဏ္ဏသာမဖြစ်စဉ်အခါ စသည်တို့ကို ကြည့်ရှုခြင်းအားဖြင့် သိရှိနိုင်ကြသည်။ ဇာတ်တော်တို့တွင် ဘုရားအလောင်းတော်၏ မိဘလုပ်ကျွေးပုံများ ပါ၏။

သားသမီးတို့မှနေ၍ မိဘတို့အား တစ်ဖန်ပြန်လည်၍ လုပ်ကျွေးခြင်းသည် သားသမီးတို့၏ မလွဲမသွေ ထမ်းဆောင်ကြရမည်ဖြစ်သော တာဝန်တစ်ရပ် ဖြစ်သည်။ သားသမီးများအနေဖြင့် မိဘတို့အပေါ် မည်ကဲ့သို့သောအခါမှ ပစ်မထားရပေ။ မိမိ မည်မျှ ဆင်းရဲနေစေကာမူ မိဘတို့ကို အတတ်နိုင်ဆုံး ပြုစုစောင့်ရှောက်ကြရမည်။ မိဘသည် ဘယ်သောအခါမှ သားသမီးကို အငတ်မထားခဲ့ချေ။ သို့အတူ မိမိတို့ကလည်း ပြန်၍ထားနိုင်အောင် ကြိုးစားကြရမည်။

## ပုဏ္ဏားအိုနဲ့ သားလေးယောက်

သာဝတ္ထိပြည်၌ ဖြစ်သည်။ ပုဏ္ဏားအို၌ သားလေးယောက် ရှိသည်။ ထိုပုဏ္ဏား၌ အသပြာ ရှစ်ကုဋေ ကြွယ်ဝချမ်းသာသည်။ ပုဏ္ဏားသည် အရွယ်ရောက်လာသော သားလေးယောက်တို့အား ထိမ်းမြားပေးကာ တစ်ယောက်လျှင် အသပြာ တစ်သိန်းစီပေး၍ လေးသိန်း လက်ဖွဲ့လိုက်သည်။ ထိုပုဏ္ဏားမ သေလွန်သောအခါ သားတို့ ဖခင်အား အမွေတောင်းခြင်းအမှုကို ပြုကြသည်။ “ဖခင်အကယ်၍ နောက်မိန်းမယူခဲ့လျှင် နောက်မိန်းမ၏ သားသမီးတို့သည် ငါတို့၏ မိဘများ၏ဥစ္စာကို ယူကြလိမ့်မည်”ဟု တိုင်ပင်ကြကာ ကောင်းမွန်သောအစားအစာ၊ ကောင်းမွန်သောအဝတ်အထည်တို့ကိုပေး၍ လည်းကောင်း၊ ခြေဆုပ်လက်နယ်ပြုစု၍ လည်းကောင်း

Generated by CamScanner from intsig.com

ပြုစုလုပ်ကျွေးကြသည်။ တစ်နေ့တွင် ဖခင်ဖြစ်သူ အိပ်ရာမှထသော အခါ ခြေလက်တို့ကို ဆုပ်နယ်ကြကုန်ပြီး၍ အိမ်ထောင်မှု၏ အပြစ်ဒုက္ခအသီးသီးတို့ကို မိမိတို့ သဘောပေါက်သလို ပြောဆိုကြကုန်လျက် "သားတို့သည် ဖခင်ကို ယခုလုပ်ကျွေးကြသည့်အတိုင်းပင် တစ်သက်လုံးလုပ်ကျွေးကြပါကုန်မည်"ဟု ပြောဆိုကာ ဥစ္စာပစ္စည်းတို့ကို တောင်းယူကြသည်။ ထိုအခါ ဖခင် ပုဏ္ဏားအိုသည်လည်း လေးပုံပုံကာ ခွဲဝေပေးလိုက်သည်။

ဤကဲ့သို့ပေးပြီးသောအခါ အကြီးဆုံးဖြစ်သောသားသည် ဖခင်အား သုံးရက်လုပ်ကျွေးပြီးနောက် ချွေးမဖြစ်သူသည် တံခါးပေါက်၌ ရပ်လျက် ရေချိုးပြီးပြန်လာသော ပုဏ္ဏားကို "သင်သည် အကြီးဆုံး ဖြစ်သည့်သားဟူ၍ တစ်ရာဖြစ်စေ၊ တစ်ထောင်ဖြစ်စေ အဘယ်မှာလျှင် ပိုပေးခြင်းရှိသနည်း၊ သားလေးယောက်စလုံးအား တစ်သိန်းစီ အညီအမျှပေးပြီး မဟုတ်ပါလော" ဤကဲ့သို့ဆို၍ အိမ်မှ နှင်ထုတ်လိုက်လေတော့သည်။

ပုဏ္ဏားလည်း စိတ်ဆိုးမာန်ဆိုးဖြင့်သူယုတ်မာပစ္စည်းတွေဆိုကာ အိမ်မှဆင်းသွားပြီး ဒုတိယသား အိမ်သို့ ရောက်လေသည်။ နှစ်ရက်သုံးရက် ကြာပြန်သော ထိုသား၏ မိန်းမဖြစ်သူမှာလည်း ရှေးနည်းအတိုင်းပြော၍ ပုဏ္ဏားကြီးအား အိမ်မှာမနေနိုင်အောင် ကြိမ်းမောင်းပြန်သည်။ ကျန်သားနှစ်ယောက်ထံသို့ သွားပြန်သော်လည်း ဤကဲ့သို့ပင် နှစ်ရက်သာ လက်ခံကြ၍ ရှေးနည်းအတိုင်းပင် အိမ်မှာမနေနိုင်အောင် ပြောဆိုကြိမ်းမောင်းခြင်းကို ခံရပြန်တော့သည်။



ပုဏ္ဏားအိုသည် မည်သည့်သားတို့မှ ကပ်မနေ၍ အဆုံးတွင် ဝတ်ဖြူစင်ကြယ်ကို ဝတ်ကာ ဖိုးသူတော်လုပ်၍ တောင်းစားရလေတော့သည်။ ဝတ်ဖြူ စင်ကြယ် ဝတ်၍ တောင်းစားခဲ့ရသော သက်တမ်းမှာ ကြာလာခဲ့သည်။ ကာလအတန်ကြာသော် ဇရာကြောင့် အိုမင်းရင့်ရော်လျက် ရှိသည်။ အသက်ကြီးရင့်မှုကြောင့် အလွယ်တကူ တောင်းယူစားသောက်ခြင်း မပြုနိုင်သည့်အတွက် ငတ်တစ်လှည့် ပြတ်တစ်လှည့်ပင် ရှိနေချေတော့သည်။ တစ်နေ့တွင် ညှိုးနွမ်းသောကိုယ် ရှိသည်ဖြစ်၍ ဆွမ်းခံမှပြန်လာပြီး အိပ်လေသည်။ အိပ်ရာမှနိုးသော် မိမိကိုယ်ကို ကြည့်လျက် သားများအပေါ် မှီခိုအားထားရာ မမြင်သောကြောင့် "ရဟန်းဂေါတမသည် မျက်မှောင်မကြုတ်၊ ချိုသာသော မျက်နှာ ရှိသည်ဖြစ်၍ နာခံသာအောင် ပြောဆိုလျက် ကောင်းရာကောင်းကြောင်းကို ညွှန်ကြားပြောဆိုခြင်းဖြင့် လောကဝတ်ပြုခြင်း၌ လိမ္မာလှ၏။ ငါသည် ရဟန်းဂေါတမထံမှ ညွှန်ကြားချက်ကို ရယူသင့်၏"ဟု အကြံဖြစ်သည်။

အကြံ ရှိသည့်အတိုင်းလည်း မြတ်စွာဘုရားရှင် ထံတော်သို့ သွားရောက်ကာ သင့်တင့်လျောက်ပတ်စွာ နေလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က ပုဏ္ဏားကို "ပုဏ္ဏား၊ သင် အဘယ့်ကြောင့် နွမ်းနယ် နေပါသနည်း"ဟု မေးတော်မူလျှင် "အရှင်ဂေါတမ၊ ကျွန်ုပ်၏ သားလေးယောက်တို့သည် ကျွန်ုပ်၏ ဥစ္စာများကို လိမ်လည်လှည့်ဖြားကုန်လျက် ကျွန်ုပ်၏ ဥစ္စာမရှိတော့မှန်း သိကြကုန်လျှင် မိမိတို့၏ မယားတို့နှင့် တိုင်ပင်ကြကုန်လျက် အကျွန်ုပ်ကို အိမ်မှနေ၍ နှင်ထုတ်ကြကုန်၏"ဟု လျှောက်ထားလေ၏။

Generated by CamScanner from intsig.com

"ပုဏ္ဏား၊ ဤသို့ဆိုလျှင် သင့်သားတို့ဖြင့် နှစ်သက်ဝမ်းမြောက်ခဲ့ရ၏။ သားတို့အပေါ် ကြီးပွားခြင်းကို လိုလားတောင့်တခဲ့၏။ ခွေးတို့သည် ဝက်တို့ကိုဝိုင်းအုံကြကုန်၍ အော်ဟစ်ပြေးလွှားစေသကဲ့သို့ ထိုသားတို့သည် ငါတို့မယားတို့နှင့်တိုင်ပင်ကြကုန်၍ အော်ဟစ်ပြေးစေကြကုန်၏။ သူတော်မဟုတ် သူယုတ်မာဖြစ်ကုန်သော ဘီလူးတို့သည် သားတို့အသွင်ဖြင့် ငါ့အား ဖခင်၊ ဖခင်ဟု ခေါ်ဝေါ်ပြောဆိုကုန်လတ္တံ့"။

ထိုသားတို့သည် အိုမင်းရင့်ရော်အရွယ်လွန်သော ငါ့ကို စွန့်ပစ်ကြကုန်၏။ အိုမင်းသဖြင့်အသုံးမဝင်တော့သောမြင်းကို အစာမကျွေးသကဲ့သို့ အစာမကျွေးတော့သဖြင့် အိုမင်းသော သားမိုက်တို့၏ဖခင်သည် သူတစ်ပါးအိမ်၌ တောင်းစားနေရ၏။ ငါ့မှာ စကားနားမထောင်ကြကုန်သော သားတို့ ရှိကြကုန်၏။ ထိုသားတို့ထက် တောင်ဝှေကပင် ကောင်းသေး၏။ ငါ့တောင်ဝှေးသည် နွားရိုင်း၊ ခွေးရိုင်းတို့ကို မောင်းဖော်ရ၏။ မှောင်မိုက်သောအခါ ရှေ့က ထားသွားရ၍ အဖော်ရ၏။ ရေနက်ထဲသို့ ဆင်းသွားသောအခါတွင်လည်း ထောက်တည်ရာကိုရ၏။ ချော်လဲသော်တောင်ဝှေး၏အစွမ်းဖြင့်ပြန်ထူနိုင်သေး၏။ ဤကဲ့သို့ မြတ်စွာဘုရားရှင်က မိမိသားများ ပါဝင်သည့် လူထုအစည်းအဝေး၌ပြောဆိုလော့ဟု သင်ပေးတော်မူလိုက်သည်။ ပုဏ္ဏားသည်လည်း မြတ်စွာဘုရား သင်ပေးသည်ကို မှတ်သားကာ လူထုအစည်းအဝေးရှိရာသို့ ရောက်လာခဲ့သည်။



မိမိသားများ ပါဝင်သော လူထုအစည်းအဝေးကို တွေ့ရသောအခါ ပရိသတ်အလယ်သို့ ဝင်၍ ရပ်လျက် လက်ကို မြှောက်ကာ "ပရိသတ်ကို ငါ စကားပြောလိုပါ၏။ နားထောင်တော်မူကြပါကုန်" ဟု အစချီ၍ မြတ်စွာဘုရားရှင်သင်ပေးလိုက်သည့်အတိုင်း ပြောကြားလေသည်။

အမှန်စင်စစ်အားဖြင့် ထိုအချိန်အခါမှာ လူတို့သည် မိဘပစ္စည်းဥစ္စာကို သုံးစွဲစားသောက်၍ မိဘများကို ပြန်၍ မလုပ်ကျွေးလျှင် သတ်ကြစတမ်းဟု ကတိဝတ်ပြုထားသော အချိန်အခါကြီးလည်းဖြစ်သည်။ ထို့ကြောင့်လည်းဖြစ်သည်။ ပုဏ္ဏားအို၏ စကားအဆုံး၌ သားလေးယောက်တို့အား ပရိသတ်အပေါင်းက သတ်မည်သကဲကဲပြုကြကုန်၏။ သားလေးယောက်တို့သည် ဖခင်၏ ခြေကို ဦးတိုက်ကာ သားတို့ကို အသက်ချမ်းသာပေးပါဟု ပြောဆိုကြလေသည်။

အစဉ်သဖြင့် မိဘတို့သည် သားသမီးများအပေါ်တွင် နှလုံးစိတ်ဝမ်း နူးညံ့အေးချမ်းပြီးဖြစ်သော နှလုံးရှိသဖြင့် "ပရိသတ်အပေါင်းတို့၊ ငါ့သားလေးယောက်တို့အား မသတ်ကြပါကုန်လင့်၊ ဤသားတို့သည် နောင်တွင် ငါ့အား လုပ်ကျွေးကြပါကုန်လိမ့်မည်" ဟု ဖခင်ဖြစ်သူက သားတို့အပေါ် ချစ်စိတ်ကြောင့် ပရိသတ်ကြားထဲသို့ ဝင်ကာ အသနားခံလေသည်။ ဤတွင် အစည်းအဝေးသို့ လာရောက်ကြကုန်သော လူအပေါင်းက မိတ်ဆွေတို့ ယနေ့မှစ၍ ဖခင့်ကို အကယ်၍များ ကောင်းစွာလုပ်မကျွေးကြလျှင် သားတို့အား

ငါတို့သည် သတ်ပစ်ကြကုန်လိမ့်မည်ဟု သတိပေးစကား ပြောကြားကာ ပြန်သွားကြလေသည်။

ပုဏ္ဏားဧ။်သားလေးယောက်တို့မှာလည်း ကြောက်လန့်တကြား ဖြစ်ကြကုန်၏။ ကြောက်လန့်ကြကုန်သည် ဖြစ်၍ ဖခင်ကို ကုလားထိုင်ပေါ်တွင် တင်ကြကုန်လျက် အိမ်သို့ ထမ်းခေါ်သွားကြပြီးလျှင် ဖခင်အား ဆီဖြင့် ပွတ်တိုက်လိမ်းကျံပေးကာ နံ့သာမှုန့်စသည်တို့ဖြင့် ရေချိုးစေသည်။ ရေချိုးပြီးသောအခါတွင် မယားတို့ကို ခေါ်ကြပြီးလျှင် ယနေ့မှစ၍ ငါတို့ဖခင်ကို ကောင်းမွန်စွာ လုပ်ကျွေးကြကုန်၊ အကယ်၍ သင်တို့သည် မေ့လျော့ပေါ့ဆ မလုပ်ကျွေးပါက သင်တို့အား အိမ်မှ နှင်ထုတ်ကြကုန်အံ့ ဟူ၍ ကြိမ်းမောင်း ခြိမ်းခြောက်ကုန်ပြီးလျှင် မွန်မြတ်သော အစာကို ကျွေးခိုင်းကြကုန်သည်။ထို့နောက် သားတို့သည် ဖခင်ဖြစ်သူအား အဝတ်တစ်စုံစီဖြင့် ကန်တော့ကြလေတော့သည်။

ဖခင်ပုဏ္ဏားအိုသည်လည်း ချမ်းချမ်းသာသာဖြင့် စားရ၊ အိပ်ရသောကြောင့် နှစ်ရက်၊ သုံးရက်အကြာတွင် အားအင်တို့ ပြန်လည်ပြည့်ဖြိုးလာခဲ့သည်။ အားအင်များ ပြန်လည်ပြည့်ဖြိုးလာပြီးနောက် ဝတ်စုံလေးစုံကိုယူကာ မြတ်စွာဘုရားရှင်ထံသို့ ထွက်လာခဲ့သည်။ သားလေးယောက်တို့သည်လည်း မယားလေးယောက်တို့နှင့်အတူ မြတ်စွာဘုရားရှင်အား မင်္ဂလာဆွမ်းပင့် ကပ်သောအခါ၌ "အရှင်ဂေါတမ၊ တပည့်တော်တို့သည် ဖခင်ကို လုပ်ကျွေးကြပါကုန်၏။ ဖခင်ကိုသာ ကြည့်ရှုတော်မူပါ"ဟု လျှောက်ကြလေသည်။ ထိုအခါ မြတ်စွာဘုရားရှင်က . . .



"သင်တို့သည် ကောင်းသည့် အမှုကို ပြုလုပ်ကြကုန်၏။ ကောင်းသော အလေ့အကျင့်ဟူသည် မိဘတို့ကို လုပ်ကျွေးခြင်းမည်သာတည်း"ဟု မိန့်တော်မူကာ ကောဒသကနိပါတ်၊ မာတုပေါသက ဇာတ်တော်ကို ဟောတော်မူ၏။

(မာတုပေါသကဇာတ်ကို နောက်ပိုင်းတွင် ဖော်ပြထားပါသည်။ မြတ်စွာဘုရားရှင် ဟောသော တရားတော်အဆုံး၌ သားအဖ၊ ချွေးမ ကိုးယောက်လုံး သောတာပန် ဖြစ်ကြကုန်လေသတည်း။)

## မိဘကျေးဇူးကြောင့် သေဘေးမှလွတ်ခြင်း

ဗာရာဏသီပြည်၌ ဖြစ်၏။ ဗြဟ္မဒတ်မင်းကြီး မင်းပြုသော အချိန်အခါ ဖြစ်သည်။ ထိုမင်း၏ လက်ထက်တွင် ဘုရားအလောင်းသည် လင်းတ,မျိုး၌ဖြစ်လေ၏။ ဘုရားအလောင်း လင်းတ,မင်းသည် အရွယ်ရောက်လာသောအခါတွင် အသက်အရွယ် ကြီးရင့်သော မိခင်၊ ဖခင်လင်းတ,တို့မှာ မျက်စိနှစ်ကွင်း အလင်းမရဖြစ်ကြကုန်၏။ ဘုရားအလောင်းသည် မိခင်၊ ဖခင် လင်းတ,တို့အား ဂူကြီးတစ်ဂူ၌ထားကာ ပြုစုလုပ်ကျွေးလေသည်။

သေလျက်ရှိသော နွား၊ သိုး၊ ဆိတ် အစရှိသည့် အသားများကို ဆောင်ယူကာ ကျွေးမွေးခြင်းကို ပြု၏။ တစ်နေ့သော အခါတွင် ဗာရာဏသီပြည်၌ ရှိသော မုဆိုးတစ်ယောက်သည် လင်းတ,များ

Generated by CamScanner from intsig.com

ကျက်စားလျက်ရှိသည့် သုသာန်တစ်ခု၌ ကျော့ကွင်းကို ထောင်လေ၏။ ထိုကျော့ကွင်း၌ ဘုရားအလောင်းလင်းတ,သည် နွားအစရှိသော အသားတို့ကိုရှာရင်း သုသာန်သို့ ဝင်သည်ရှိသော် မိလေသည်။

ဘုရားအလောင်းလင်းတ,အနေဖြင့် မိမိဤကဲ့သို့ ကျော့ကွင်း၌ မိနေခြင်းဖြင့် မိမိအလို့ငှာ ပူဆွေးသောက ရောက်ခြင်းမဖြစ်၊ အရွယ်လွန်၍ မျက်စိမမြင်ဖြစ်ကာ ရှိနေကြသော မိဘများအတွက်သာ ပူဆွေးသောကရောက်လေသည်။ "မိဘတို့အနေဖြင့် ငါ ဤကဲ့သို့ ဖြစ်နေခြင်းကို မသိကြကုန်၊ ကိုးကွယ်ရာ အထောက်အပံ့ မရှိသည်ဖြစ်၍ တောင်လိုဏ်ဂူအတွင်း ခြောက်ကပ်၍သေကုန်ယောင်တကား" ဟု မြည်တမ်းနေလေသည်။

ထိုအခါ မုဆိုးသည်လင်းတ,၏ငိုသံကို ကြားရ၏။ကြားရသောကြောင့် "အို...လင်းတ၊သင်သည် အဘယ်ကြောင့် ငိုကျွေးသနည်း၊ လူတို့၏ စကားကို ပြောသောငှက်ကို ငါမြင်လဲမမြင်ဖူး၊ ကြားလဲမကြားဖူး"ဟု ဆိုလေသည်။ မုဆိုး၏စကား ဆုံးသောအခါ လင်းတ,သည် "အသင်မုဆိုး၊ ငါသည် ကြီးမားသော တောင်လိုဏ်ဂူ၌နေသူဖြစ်ပါသည်။ တောင်လိုဏ်ဂူ၌ ရှိကြကုန်သော မိဘနှစ်ပါးတို့ကို ကျွေးမွေးစောင့်ရှောက်လျက် ရှိ၏။ အကယ်၍ ငါသည် သင်ခေါ်ရာသို့ လိုက်ပါရသည်ရှိသော် ငါမရှိလျှင် မဖြစ်သော ထိုမိဘတို့ အနေဖြင့်ကား အသို့လျှင် ဖြစ်ကုန်လတ္တံ့."ဟု ပြန်၍ ပြောကြားလေသည်။



လင်းတ,၏ စကားကို ကြားရသောအခါ မုဆိုးသည်လည်း ဤကဲ့သို့ပင် ဆို၏။ လင်းတ,တို့မည်သည် ယူဇနာတစ်ရာကို လွန်၍ ပျံနိုင်၏။ ထိုယူဇနာတစ်ရာမှပင် အကောင်တို့ကိုလည်း မြင်ရ၏။ အကြင်စကားကို လောက၌ ဆိုအပ်၏။ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် သင်သည် ထွန်ကို လည်းကောင်း၊ ကျော့ကွင်းကို လည်းကောင်း ရောက်၍လည်း မသိသနည်း။

လင်းတ,အနေဖြင့် မုဆိုးအား တရားစကားကို ဆိုလိုသောကြောင့် "အသင်မုဆိုး၊ သတ္တဝါတို့သည် အကြင်အခါ၌ အသက်ကုန်လွန်ခြင်းတို့ကြောင့် ပျက်စီးခြင်းတို့သည် ဖြစ်ရ၏။ ထိုအခါ၌ ထွန်တို့သည် လည်းကောင်း၊ ကျော့ကွင်းတို့သည် လည်းကောင်း ရောက်၍လည်း မသိကြကုန်"ဟု တရားနှင့်စပ်သော စကားကို ဆိုသည်။

မုဆိုးသည် ဘုရားအလောင်းတို့၏ တရားစကားကို နာရ၍ ပညာရှိသော လင်းတ,သည် ငိုကြွေးသော်လည်း မိမိအကျိုးငှာ မဟုတ်၊ မိခင် ဖခင်တို့၏ အကျိုးငှာသာ ငိုကြွေးခြင်း ဖြစ်သည်။ ဤလင်းတ,ကား သတ်အံ့သောငှာ မသင့်ဟု ဆုံးဖြတ်ချက်ချကာ "လင်းတ,မင်း၊ သင်သည် တောင်လိုဏ်ဂူ၌ရှိသည့် အသက်အရွယ်ကြီးရင့်ကာ မျက်မမြင် ဖြစ်နေကြရှာသော မိဘတို့ကို ပြန်၍ မွေးမြူ စောင့်ရှောက်လေလော့။ သင့်ကို ငါသည် ခွင့်ပြု၏။ ဆွေမျိုးတို့ကို ချမ်းသာစွာ ရှုလေလော့"ဟု ဆိုကာ လင်းတ,အား

Generated by CamScanner from intsig.com

ပြန်၍လွှတ်လိုက်လေသည်။ မုဆိုးကြီးအနေဖြင့် ကျော့ကွင်းကို ဖြေပေးလိုက်လေ၏။ ကျော့ကွင်းမှ လွတ်သော် လင်းတ,သည် မုဆိုးကြီးအား "မုဆိုး၊ သင်သည် ခပ်သိမ်းကုန်သော မိဘတို့ကို၊ ဆွေမျိုးတို့ကို ချစ်ခင် နှစ်သက်သမှု ပြုလေတော့၊ ငါသည်လည်း မိခင်၊ ဖခင်တို့ကို ကျွေးမွေးပါအံ့"ဟု ဆိုကာ အသားတစ်များကို ပါးစပ်အပြည့်ချီ၍ ပျံသွားလေတော့သည်။ ။

* * * * *

Generated by CamScanner from intsig.com

ဒေါ်အေးတင်နှင့်သားများ စကြာအေးစာပေမှ ရရှိနိုင်သော
စာအုပ်များစာရင်း ၃၈ လမ်း၊ ၂၀၅ ရန်ကုန်မြို့။
ဆရာကြီး ပီမိုးနင်း ရေးသားသောစာအုပ်များ ခွင့်ပြုချက်အမှတ်


၁။ သားဂုဏ်ရည် ၁၆၅၀
၂။ အောင်စိတ် ၁၈၇
၃။ နိုင်ငံကြီးပွားရေးလမ်းညွှန် ၁၆၉၀
၄။ ကွက်သက်ဝင်သက်/ကျင့်စဉ် ၂၀၃
၅။ ဇွဲတာရေး ၁၂၂
၆။ လူဖြစ်နည်းနှင့်တက်လမ်း ၁၀၄၇
၇။ အမျိုးလုံးလမ်းညွှန် ၁၇၈၄
၈။ လူမျိုးလမ်းညွှန် ၁၇၉၀
၉။ အချစ်လမ်းညွှန် ၆၇၄၄
၁၀။ ကြီးပွားအောင်မြင်ခြင်း ၁၅၈၅
၁၁။ ဘဝတိုက်ပွဲ ၁၅၁၇
၁၂။ စိတ်တန်ခိုးကျမ်း ၈၈၁၅
၁၃။ ဟန်ကျပန်ကျ ၁၅၅၀
၁၄။ လူမှုရေးရာ ၁၃၁၃
၁၅။ ဣန္ဒြာသယစိတ်ပညာ ၁၅၄၈
၁၆။ ကိုယ်ထူးကိုယ်ချွန် ၁၄၆၅
၁၇။ သမီးဂုဏ်ရည် ၉၇၄
၁၈။ စကားပြောဟောနည်း ၈၆၀
၁၉။ ချစ်မှုရေးရာ ၁၈၂၅
၂၀။ တကယ့်လူချွန် ၁၉၇၂
၂၁။ ကမ္ဘာ့အလင်းနှင့်လောကမျက်မှန် ၄၅၆
၂၂။ လောကီလမ်းညွှန် ၂၂၂၂
၂၃။ တိုးတက်အောင်မြင်ကြီးပွားလိုလျှင် ၂၁၆၉
၂၄။ အရင်းမစိုက် လေ့အိုးလိုက်နှင့်လူစွမ်းလူစ ၁၄၇
၂၅။ သုခချမ်းသာစိတ်ပညာ ၁၃၉၅


Generated by CamScanner from intsig.com